လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ July 2026

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်** **နေပြည်တော်**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေးကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌဒုတိယသမ္မတဒေါ်နန်းနီနီအေးက လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံ မဏ္ဍိုင်တစ်ခုဖြစ်ပြီး ပြည်သူအားလုံး လူမှုဘဝလုံခြုံမှုရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် နိုင်ငံ၏စီးပွားရေး၊ လူမှုရေးတို့ကိုအထောက်အကူပြုပြီး အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများကို စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍများတွင် အန္တရာယ်ကျရောက်နိုင်မှုများမှ ကြိုတင်ကာကွယ်ပေးရေး၊ အခြေခံ ဝန်ဆောင်မှုများနှင့် အခြေခံ အဆောက်အအုံများအပါအဝင် စီးပွားရေးအခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ရေး၊ ရုတ်တရက်ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ်အခြေအနေများကြောင့် ဖြစ်ပေါ် လာသည့် လူသားချင်းစာနာ ထောက်ထားရေးဆိုင်ရာ အခက်အခဲ အကြပ်အတည်းများ စီမံဖြေရှင်းနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အစီအမံ

များဖြင့် စနစ်တကျချမှတ်ဆောင်ရွက်ပေးရသည့်လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် အဓိကလုပ်ငန်းစဉ် (၈)ရပ် ဖြစ်သည့်ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့်အသက် ၂နှစ် အရွယ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း၊ ယင်းထောက်ပံ့ငွေကို အသက်ပိုကြီးသောကလေးများအတွက်အဆင့်ဆင့်တိုးချဲ့ထောက်ပံ့ခြင်း၊မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးသောအစီအစဉ်များဆောင်ရွက်ခြင်း၊ အများပြည်သူအလုပ်အကိုင် ရရှိရေးနှင့် အသက်မွေး ဝမ်းကျောင်းပညာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ လူမှုရေးပင်စင်အစီအစဉ်ဆောင်ရွက်ခြင်း၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များအား ထောက်ပံ့ခြင်းနှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ရေးဆွဲထားရှိကြောင်း၊ အဆိုပါ မဟာဗျူဟာစီမံချက်ကို လူမှုကာကွယ် စောင့်ရှောက်ရေး၏ အဓိကအပိုင်းကဏ္ဍ ၄ ရပ်တို့ဖြင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် လက်ရှိဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းရပ်များ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ အပါအဝင် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပ ပရဟိတအဖွဲ့အစည်း များသာမက ပြည်သူများပါပူးပေါင်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ မဟာဗျူဟာလုပ်ငန်းစဉ်များအနက်မှ အပြည့်အဝဆောင်ရွက် နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းစဉ်များကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများရေးဆွဲပြီးဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ခဲ့သည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်သဖြင့်ပြန်လည် သုံးသပ်ကာ ခေတ်နှင့်လျော်ညီပြီး ပိုမိုခိုင်မာသည့် လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်တစ်ရပ်တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတစ်ရပ် အနေဖြင့် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လုပ်ငန်းရပ်များဖြစ်သကဲ့သို့ ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေးသည် ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရုံသာမကနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုပြီး အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုလည်းဖြစ်ကြောင်း၊ထို့ကြောင့်“မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရ” ဆိုသည့်ရည်မှန်းချက်ဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ ပိုမိုအားကောင်းလာစေရေးအတွက်တက်ရောက် လာကြသူများအနေဖြင့်သက်ဆိုင်ရာကဏ္ဍများအလိုက် ထိထိရောက်ရောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုသုံးသပ်အကြံပြုပိုင်းဝန်းဆွေးနွေးသွားကြရန်တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ကြောင်း၊ထို့နောက်လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းက လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို လည်းကောင်း၊ ကော်မတီအတွင်းရေးမှူးဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြ ခဲ့ပါကြောင်း၊ ယင်းနောက်တက်ရောက်လာကြသူများက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည် ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်း တင်ပြကြရာကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာအစည်းအဝေးကိုရုပ်သိမ်းခဲ့ပါသည်။

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မူးယစ်ဆေးဝါးသုံးစွဲမှုဖြတ်ပြီးသူများအတွက် စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်** **ပဲခူးတိုင်းဒေသကြီး**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့သို့ရောက်ရှိနေသော လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သည် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်)၌ ကျင်းပသည့် မူးယစ်ဆေးဝါး သုံးစွဲမှု ဖြတ်ပြီး သူများအတွက် စခန်းအခြေပြု ပြန်လည် ထူထောင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြား ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး နှင့်လုံခြုံရေးတို့ကို ခြိမ်းခြောက်နေသည့် သမားရိုးကျ မဟုတ်သည့် အန္တရာယ်တစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် မူးယစ်ဆေး ဖြတ်ပြီးသူ လူငယ်များအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မူးယစ်ဆေးစွဲခြင်းသည် ရောဂါတစ်မျိုးဟု နိုင်ငံတကာက လက်ခံထားကြပြီး လမ်းမှားသို့ရောက်ခဲ့သည့် လူငယ်များ အား ဝိုင်းဝန်းကူညီပံ့ပိုးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိသားစုဝင်များနှင့်ရပ်ရွာလူထု၏ စာနာနားလည်မှုသည် အရေးကြီးသဖြင့် မိဘပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှု သည်မရှိမဖြစ် လိုအပ်ကြောင်း၊မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများအား ဝက်ထီးကန် အပါအဝင် ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ တာချီလိတ်၊ နမ့်လတ်၊ ဘားအံဒေသများ၌ ဖွင့်လှစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါ ကြောင်း၊ အဆိုပါစခန်းများတွင် စခန်းအခြေပြု ပြန်လည် ထူထောင်ရေးသင်တန်း၊ ရပ်ရွာအခြေပြု ပြန်လည် ထူထောင်ရေးသင်တန်း၊ စေတနာ့ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါ ကြောင်း၊မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေး စခန်း(ဝက်ထီးကန်) အနေဖြင့်လည်း စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁၀)ကြိမ်၊ ရပ်ရွာ အခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁) ကြိမ် ဖွင့်လှစ်ပြီး လူငယ်တို့၏ အနာဂတ်အတွက် ပြန်လည် ထူထောင်မှုပေးနိုင်ခဲ့ကြောင်း၊ ယခုသင်တန်းကိုလည်း ရက်ပေါင်း(၉၀) ကြာဖွင့်လှစ်လျက်ရှိပြီး သင်တန်းကာလ အတွင်း ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုအနေဖြင့် အားကစားနည်းမျိုးစုံနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင် မှုအနေဖြင့် နှစ်သိမ့်ဆွေးနွေးခြင်း၊ အသိပညာပေးခြင်း၊ အလုပ်ပေးကုထုံး၊ ဘာသာရေးကုထုံးများ ဆောင်ရွက် ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာအနေဖြင့် တံဆိပ် ရိုက်၊ ဆံသ၊ ဘက်စုံသုံးဆပ်ပြာဆီ၊ ဘိလပ်အုတ်ရိုက်၊

ဆိုင်ကယ်ပြင်သင်တန်းနှင့် စိုက်ပျိုးရေး/မွေးမြူရေး လုပ်ငန်းများ သင်ကြားပေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်မှု ခံယူထားသူများ အား အလုပ်အကိုင်ရရှိစေရေးနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မိသားစုဝင်များအနေဖြင့်လည်း ပြန်လည် ထူထောင်မှုခံယူပြီး မိဘအိမ်ပြန်ချိန်တွင် နွေးထွေးမှုဖြင့် အားပေးပြီး ဆေးပြန်လည်သုံးစွဲမှု မဖြစ်စေရန် အကာ အကွယ် ပေးကြစေလိုကြောင်း၊ သင်တန်းသားများ အနေဖြင့်လည်း မိသားစု၊ ရပ်ရွာ၊ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများအဖြစ် ရပ်တည်နိုင်မည်ဟု ယုံကြည် ပါကြောင်း၊ လူသားဆန်သောစိတ်ထား၊ ပူးပေါင်း ဆောင်ရွက်လိုသောစေတနာတို့ဖြင့်မူးယစ်ဆေးဝါးပြဿ နာ အား ရင်ဆိုင်ဖြေရှင်းပြီး မျှော်လင့်ချက်နှင့်ပြည့်ဝသော အနာဂတ်ကို အတူတကွ တည်ဆောက်သွားကြရန် တိုက်တွန်းလိုကြောင်း မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းသားများ နှင့် မိဘအပ်သင်တန်းသားများအား နွေးနွေးထွေးထွေး တွေ့ဆုံအားပေးစကား ပြောကြားခြင်း၊ သင်တန်း အိပ်ဆောင်၊ ထမင်းစားဆောင်၊ သင်တန်းသားများ စိုက်ပျိုးထားသော စိုက်ခင်းနှင့် လမ်းဘေးဝဲယာရှိ သစ်ပင်ပန်းပင်များအား လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဝန်ထမ်းများ အားတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr. Justin Brady ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသား ချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီး အကဲဖြစ်သူ Mr. Justin Brady ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား လက်မှတ်ရေးထိုး ထားရှိသည့် သဘောတူညီမှုစာလွှာ

(Letter of Agreement - LoA) ပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာမှု ထောက်ပံ့ရေးလုပ်ငန်းများ၊ ဝန်ကြီးဌာနလက်အောက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် မိုင်းလုပ်ငန်းစဉ်ဆိုင်ရာအစီအစဉ်များစသည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် UNOCHA ရုံးမှ ကိုယ်စားလှယ် (၁) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးချုပ် (UNOCHA) မှ ယာယီလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး (ASG/ DERC a.i) Mr. Indrika Ratwatteဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ




**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည်ဂျီနီဗာမြို့ရှိကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးချုပ် (UNOCHA) မှ ယာယီလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး (ASG/ DERC a.i) Mr. Indrika Ratwatte ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံ တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ မန္တလေးငလျင်ဘေးဖြစ်ပွားစဉ်အတွင်း ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ လူသားချင်းစာနာမှု အကူအညီများပေးအပ်နိုင်ရေးကိစ္စ၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံနိုင်ရေးဆောင်ရွက်ထားရှိမှုများ၊ AHA Centre နှင့် ဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်နေမှုများ၊ မိုင်းအသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား လက်မှတ်ရေးထိုးထားရှိသည့် သဘောတူညီမှုစာလွှာ (Letter of Agreement - LoA) ပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများ စသည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး (ယာယီ) Ms. Gwyn Lewis နှင့် UNOCHA ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

# သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ(နေပြည်တော်) ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော်၊ ဇူလိုင်လ ၂၃ ရက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက်လုပ်ငန်းတစ်ခုဖြစ်သောသက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို ၂၃-၇-၂၀၂၆ ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ နေပြည်တော် ကလေးပြုစုစောင့်ရှောက်ရေးဌာန အဆောက်အအုံတွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါဖွင့်ပွဲအခမ်းအနားဖွင့်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

ပထမဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ(နေပြည်တော်)အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် သက်ကြီးဦးရေ

**နေပြည်တော်**

တိုးပွားလာခြင်းနှင့်အတူ အသက်အရွယ်ကြီးရင့်ချိန်တွင် လုံလောက်သောလူမှုကာကွယ်စောင်ရှောက်ရေးဝန်ဆောင်မှုများပေးရန်နှင့် ကျန်းမာသန်စွမ်းပြီး တက်ကြွ လှုပ်ရှားမှုရှိသော သက်ကြီးပုဂ္ဂိုလ် ဘဝကို ရရှိနိုင်ရန် ရည်ရွယ်၍ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့၌ စံနမူနာပြအဖြစ် ပထမဆုံးဖွင့်လှစ်ခဲ့ပါကြောင်း၊ ယခု ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဖွင့်လှစ်သည့် ဂေဟာသည် ဒုတိယမြောက်ဂေဟာ ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများ နေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ(နေပြည်တော်) တွင် သက်ကြီးပုဂ္ဂိုလ်များအား နေ့ပိုင်းလက်ခံ စောင့်ရှောက်ပေးသွားမည် ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများ နေ့ပိုင်း စောင့်ရှောက်ရေးဂေဟာတွင် လာရောက်ပြီး ဝန်ဆောင်မှုရယူမည့် သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးဝန်ဆောင်မှု၊ အပန်းဖြေမှုအနားယူမှုနှင့် မိမိ၏ အသိပညာများပြန်လည်ဝေမျှပေးနိုင်မှု၊ ဝါသနာပါရာလုပ်ငန်းများဆောင်ရွက်နိုင်မှုစသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများအနေဖြင့် စေတနာ၊ အကြင်နာ၊ ဝါသနာနှင့် ကရုဏာ တို့ဖြင့်

သက်ကြီးပုဂ္ဂိုလ်များကို မိမိတို့၏ မိဘဘိုးဘွားများကဲ့သို့ နွေးထွေးစွာ ပြုစုစောင့်ရှောက်ပေးကြရန် တိုက်တွန်း မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်ဝန်ကြီးနှင့်အဖွဲ့သည် သက်ကြီးပုဂ္ဂိုလ်များ၏ လှုပ်ရှားဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား လက်ခံတွေ့ဆုံ



**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် UNFPA က မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ဝန်ကြီးဌာနနှင့် UNFPA အဖွဲ့တို့ လုပ်ငန်းများပူးပေါင်း ဆောင်ရွက်ခဲ့မှုများ၊ ဝန်ကြီးဌာနနှင့် UNFPA အကြား လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့သော ကျားမတန်းတူညီမျှရေးနှင့်အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားရေး (Gender Equality and Women’s Empowerment – GEWE) လုပ်ငန်းအစီအစဉ်အား အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုနှင့် သဘာဝဘေးအရေးပေါ် အခြေအနေများတွင် UNFPA ၏ ထောက်ပံ့ကူညီရေးပစ္စည်းများ လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်ရေး ဝန်ကြီးဌာနမှ ချိတ်ဆက်ကူညီဆောင်ရွက်ပေးခဲ့မှုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်စသည့် ကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။.

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် UNFPA ရုံးမှ ကိုယ်စားလှယ် (၁) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ပဲခူးတိုင်းဒေသကြီးတွင် ဖွင့်လှစ်သည့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်း၌ အမှာစကားပြောကြားကာ မသန်စွမ်း ထောက်ပံ့ကြေးများ ပေးအပ်ခြင်း



**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်** **ပဲခူးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့နံနက်ပိုင်း၌ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ သီရိရတနာခန်းမတွင်ကျင်းပသည့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။ သင်တန်းဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး မသန်စွမ်းသူများ အသင်းမှ တာဝန်ရှိသူများနှင့် မသန်စွမ်းသူများ၊ သင်တန်းသား၊ သင်တန်းသူ(၁၃၀)ဦး တက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးကအဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ ပဲခူးတိုင်းဒေသကြီးတွင် မသန်စွမ်းသူဦးရေ နှစ်သိန်းခွဲနီးပါးရှိပြီး ညောင်လေးပင်မြို့နယ်တွင် မသန်စွမ်းသူဦးရေ ရှစ်ထောင့်ခြောက်ရာကျော်ရှိကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအနေဖြင့် မိမိတို့နဲ့နီးစပ်ရာ အသိုင်းအဝန်းမှာရှိသည့် မသန်စွမ်းသူများအတွက် အများတန်းတူအခွင့်အရေးနှင့် ခံစားခွင့်များ အပြည့်အဝရရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများ၏ မွေးရာပါ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့် လူမှုအသိုက် အဝန်းအတွင်း တန်းတူညီမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ခွဲခြားဆက်ဆံခံရမှုနှင့် မညီမျှမှုမရှိစေရေး အတွက် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထားရှိပြီး အကာအကွယ်ပေးလျက်ရှိပါကြောင်း၊မသန်စွမ်းသူများ၏စွမ်းဆောင်ရည်မြှင့်တင်ပေးရာတွင် ပညာသင်ကြားခွင့် ရရှိရေးသည် အဓိကကျကြောင်း၊ နိုင်ငံတော်က ကလေးသူငယ်တိုင်း ပညာသင်ကြားခွင့်ရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မသန်စွမ်းကလေးသူငယ်များ ကျောင်းတက် နိုင်စေရန်အတွက် မိဘဆွေမျိုးများ၊ မသန်စွမ်းကလေး နေထိုင်သည့်ရပ်ကွက်၊ ကျေးရွာမှ

တာဝန်ရှိ သူများ၊ လက်ခံသင်ကြားပေးမည့် ဆရာ၊ ဆရာမများ၏ စိတ်ပါဝင်စားမှုသည် လွန်စွာအရေးကြီးပါကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းသည် မသန်စွမ်းသူများအတွက် မူဝါဒများရေးဆွဲချမှတ်ရာမှာ အချက်အလက်များ တိကျမှန်ကန်စေရေးအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ သင်တန်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်း အဆင့်ဆင့်နှင့် မသန်စွမ်းမှုစိစစ်ရန်အတွက် ပြုစုထားရှိသည့် အသက်အရွယ်အလိုက် မေးခွန်းလွှာများအား ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများနှင့်စပ်လျဉ်းသည့် နိုင်ငံတကာက လက်ခံထားသည့် သဘောတရားများကို လေ့လာခွင့်ရရှိကြမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက်ဒုတိယဝန်ကြီးသည်ပဲခူးတိုင်းဒေသကြီး၊ လူမှုရေးရာဝန်ကြီး၊ လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ပဲခူးမြို့၊ အမှတ် (၁) မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးသူငယ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြား ပျိုးထောင်မှုများအား ကြည့်ရှု စစ်ဆေးပြီး ကလေးသူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခြင်း၊ အာဟာရမုန့်များ ကျွေးမွေးခြင်း၊ အသက်(၃)နှစ်မှ (၅)နှစ်အရွယ် ရှေးဦးအရွယ်ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းမှ သင်တန်းသားများအား နှုတ်ဆက်အားပေး စကားပြောကြားကာ ကလေးသူငယ်ပျိုးထောင်ခြင်းဆိုင်ရာ နိုင်ငံတော်၏ မူဝါဒများရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ပဲခူးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမတွင်ပဲခူးမြို့နယ်အတွင်းရှိမသန်စွမ်းသူမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ ၅၂၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် တစ်ရာငါးဆယ့်ရှစ်သိန်း တစ်သောင်းတိတိအားထောက်ပံ့ပေးအပ်ခဲ့ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဒေါက်တာသန့်ဇော်လွင်သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနများမှ စခန်း/ဂေဟာများသို့ သွားရောက်တွေ့ဆုံအားပေး**



**၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၂၃ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့် အတူ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ လူကုန်ကူးခံရသူများ ညွှန်းပို့ချိတ်ဆက်ရေးစင်တာသို့ သွားရောက်၍ လူကုန်ကူးခံရသူများ ဆက်သွယ်အကူအညီ တောင်းခံမှုများအပေါ် ပေါင်းစပ်ဆောင်ရွက်နေမှုများ၊ လိုအပ်သည့် အကူအညီများ ချိတ်ဆက် ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ ထိုနောက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်) သို့ သွားရောက်ပြီး ပြန်လည်ထူထောင်မှုခံယူ နေသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ စခန်းခြေပြု ပြန်လည်ထူထောင်ရေး သင်တန်း သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် သင်တန်းသားများနေထိုင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ သင်တန်းသားများအတွက် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း၊ ကိုယ်ကာယပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် စနစ်တကျ ညှိနှိုင်းပြင်ဆင်နိုင်ရေး၊ သင်တန်းကာလအတွင်း လိုအပ်သည့်အုပ်ချုပ်မှုကိစ္စများအတွက် ဆက်စပ်ဌာနများဖြင့် ညှိနှိုင်းပေါင်းစပ်နိုင်ရေး ညွှန်ကြားခဲ့ပါသည်။

ထို့နောက် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ကာ ကျန်းမာသန်စွမ်းပြီး တက်ကြွသော သက်ကြီးဘိုးဘွားများဘဝ ရရှိစေနိုင်ရေးအတွက်လူမှုရေးစောင့်ရှောက်မှု၊ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုများအား အားပေးကြည့်ရှုခြင်း၊ ဂေဟာတွင် လာရောက်စောင့်ရှောက်မှုခံယူနေသော အသက် (၇၀)နှစ် နှင့်အထက် ဘိုးဘွားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သက်ကြီးပညာပေးအစီအစဉ်များဖြင့် လူမှုရေးသုခရရှိနိုင်စေရန် နိုင်ငံတော်မှ လူမျိုး/ဘာသာ မရွေးအခမဲ့ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဒေါက်တာသန့်ဇော်လွင် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) တက်ရောက်



**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်** **နေပြည်တော်**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်ပြန်လည်ထူထောင်ရေး ဆိုင်ရာလုပ်ငန်းကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆)ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီ၊ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ

ချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဒေါက်တာသန့်ဇော်လွင် ဦးဆောင်တက်ရောက်ခဲ့ပါသည်။

ဒုတိယဝန်ကြီးကအဖွင့်အမှာစကားပြောကြားရာတွင် နှစ်စဉ်ဇူလိုင်လ(၃၀)ရက်သည် ကမ္ဘာ့လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်ပြီး ယနေ့တိုက်တိုက်ဆိုင်ဆိုင် အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း၊လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ပုံမှန်ကျင်းပဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းကော်မတီဝင် ဌာနများ၊ အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများပိုမိုအားကောင်းလာပြီးလူကုန်ကူးခံရသူများ၏အကောင်းဆုံး အကျိုးစီးပွားကို အချိန်နှင့်တပြေးညီ ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ပါကြောင်း၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဆက်နွယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ လွှဲပြောင်း ပို့ဆောင်လာသည့် လူကုန်ကူးခံရသူ အမျိုးသား(၃)ဦး၊ အမျိုးသမီး (၂၆)ဦး စုစုပေါင်း(၂၉)ဦးတို့ကို ရန်ကုန်၊ မန္တလေး နှင့် မြဝတီမြို့တို့ရှိ ယာယီလက်ခံစောင့်ရှောက်ရေး ဂေဟာများတွင် လက်ခံစောင့်ရှောက်ခဲ့ပြီး မိဘရပ်ထံ ပြန်လည်အပ်နှံပေးခဲ့ရာတွင် ပူးပေါင်းပါဝင်မှုများအားကျေးဇူးတင်ရှိပါကြောင်း၊ လူကုန်ကူးခံရသူများ ကိုထိရောက်သောကူညီစောင့်ရှောက်မှုများပေးခြင်း၊ လုံခြုံစိတ်ချစွာဖြင့် မိဘရပ်ထံ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းပေးခြင်းအပြင် ဂုဏ်သိက္ခာရှိစွာဖြင့် လူမှုစီးပွားဘဝ ပုံမှန်ရှင်သန်ရပ်တည် နေထိုင်နိုင်စေရန်အတွက် ဆက်နွယ်ကဏ္ဍများအလိုက် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ကလေးသူငယ် လူကုန်ကူးခံရသူများကိုလည်း နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပညာဆက်လက်သင်ကြားနိုင်စေရေး အထူးအလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားခဲ့ပါသည်။

## တိုင်းရင်းသားရေးရာ အသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်း အခမ်းအနားကျင်းပခြင်း



ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ သတ္တပလူ ကျေးရွာ၌ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် တိုင်းရင်းသားရေးရာ အသိပညာပေးခြင်း နှင့်ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့အား ဆန်းစစ်စီမံခြင်း အခမ်းအနားကို ၄-၇-၂၀၂၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်၊ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ခင်သန္တာထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကယားပြည်နယ် လူမှုဝန်ထမ်းရုံး၊ ပြည်နယ်ဦးစီးမှူး ဒေါ်စိန်စိန်မော်က လူမှုဝန်ထမ်းဦးစီးဌာန၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ကျား/မ အခြေပြုအကြမ်းဖက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များအကြောင်းကို ရပ်ရွာပြည်သူများ သိရှိနိုင်စေရန် ဟောပြောဆောင်ရွက်ခဲ့ပါသည်။

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်း”ဆင်းပွဲ အခမ်းအနား

၁၀-၇-၂၀၂၆ ရက်တွင် လွိုင်ကော်မူလတန်းကြို ကျောင်းခန်းမ၌ **“ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း”** ဆင်းပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ဒေါ်ဘောက်နန်၊ နာယက က အဖွင့်

အမှာ စကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များအား သင်တန်းသူများ ကိုယ်စား သင်တန်း သူတစ်ဦးသို့ ပေးအပ်ခဲ့ပါသည်။



အဆိုပါအခမ်းအနားကို ပြည်နယ်၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ECCD သင်တန်းသူများ၊ ကိုယ့်အား ကိုယ်ကိုးမူလတန်းကြိုကျောင်းမှ ဆရာ/မများ၊ ပြည်နယ် လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများ စုစုပေါင်း (၈၀) ဦး တက်ရောက်ခဲ့ကြပါသည်။

## ကယားပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေး



ကယားပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအစည်းအဝေးကို ၁၃-၇-၂၀၂၆ ရက်တွင် လွိုင်ကော်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူဦးရေ (၂၇)ဦး တက်ရောက်ခဲ့ပါသည်။ အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်း က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကယားပြည်နယ်လူမှုဝန်ထမ်းရုံး၊ ပြည်နယ်ဦးစီးမှူး ဒေါ်စိန်စိန်မော် က ကယားပြည်နယ် လူမှုဝန်ထမ်းရုံးမှ ကလေးသူငယ် အခွင့်အရေးများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်း တင်ပြခဲ့ပါသည်။

တက်ရောက်လာသော ပြည်နယ်အဆင့်ဌာနဆိုင်ရာများ ကလည်း မိမိတို့ဌာနတွင် ကလေးသူငယ် အခွင့်အရေးများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြခဲ့ကြပါသည်။ ထို့နောက် လူမှုရေးရာဝန်ကြီးမှလိုအပ်သည်များအားမှာကြားခဲ့ပြီးအစည်းအဝေးအား ကျင်းပပြီးစီးခဲ့ပါသည်။

## "အသက်(၃)နှစ်မှ(၅)နှစ်၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း" ဆင်းပွဲ အခမ်းအနား ကျင်းပခြင်း

**"အသက်(၃)နှစ်မှ(၅)နှစ်၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း** " ဆင်းပွဲအခမ်းအနားကို ၇-၇-၂၀၂၆ ရက်တွင် ဘားအံမြို့၊ လူငယ်စင်တာ၊ သင်တန်းခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ဇနီး၊ ကရင်ပြည်နယ် ရှေးဦး အရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သင်တန်းသူများ စုစုပေါင်းအင်အား (၈၀)ဦး တက်ရောက်ခဲ့ပါသည်။



ပထမဦးစွာ ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ စည်သူဦးစောမြင့်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သင်တန်းတွင် ပထမ၊ ဒုတိယရရှိသော သင်တန်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်

ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းဘေဘီမြင့်က သင်တန်းတွင် တတိယရရှိသူ သင်တန်းသူအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး ကရင်ပြည်နယ် အမျိုးသမီး ရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အသင်းဝင်အဆိုပြုလွှာများ လက်ခံခဲ့ပါသည်။

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် လူမှုရေးရာဝန်ကြီးက သင်တန်းဆင်းအောင် လက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသူများကိုယ်စား သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြောခြင်း၊ သင်တန်းသူများ က ကပြဖျော်ဖြေတင်ဆက်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားများ ပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်း သင်တန်းဆင်းပွဲ ကျင်းပခြင်း




၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်တွင် စစ်ကိုင်းတိုင်း ဒေသကြီး ကလေးအလုပ်သမားများ ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့်စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် အခြေခံ စက်ချုပ် သင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို မုံရွာမြို့၊ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး အမျိုးသမီးရေးရာ နာယက၊တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသူ၊ သင်တန်းသားများ စုစုပေါင်း (၁၀၀)ဦးခန့် တက်ရောက် ခဲ့ကြပါသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတ ရေးရာဝန်ကြီးက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ ရာနိုင်ငံတော်အနေဖြင့်ကလေးအလုပ်သမားပပျောက်ရေး အတွက် ကာလတို၊ ကာလရှည် စီမံချက်များရေးဆွဲပြီး အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်း တိုင်းဒေသကြီးကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာ အမျိုးသားအဆင့်စီမံချက်ပါ ရည်မှန်းချက်များ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း၊ ယခုပြုလုပ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်း တွင်လည်း နည်းပြဆရာမများက အခြေခံစက်ချုပ် စက်နင်းမှစ၍ စက်ပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံ နည်းပညာအမျိုးအစား (၁၁)မျိုး အထိပါ စာတွေ့၊ လက်တွေ့ သင်ကြားပေးသည့်အတွက် မိမိဘဝရပ်တည် ရေးအတွက်ဖြစ်စေ၊ လုပ်ငန်းထူထောင်ရာတွင်ဖြစ်စေ များစွာအကျိုးဖြစ်ထွန်းစေမည့် သင်တန်းတစ်ခု ဖြစ်ပါ ကြောင်း၊ ကာလတို သက်မွေးအတတ်ပညာ သင်တန်း တွေကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်သည် မိသားစု ဝင်ငွေရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီး ပေးနိုင်ရန်၊ အဆင့်မြင့်ပညာများ ထပ်မံလေ့လာပြီး အသေးစား၊ အငယ်စား တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ကြောင်း၊ သင်တန်းက ပေးလိုက်သည့် ပညာကို အခြေခံပြီး မိမိဘဝတိုးတက်ရာ တိုးတက်ကြောင်းဖြစ်အောင် လုပ်ဆောင်ကြရန် လိုအပ် ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆင်းရဲမှုလျှော့ချရေး၊ ကလေးအလုပ်သမား ပပျောက်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး၊ မိသားစုဝင်ငွေ တိုးပွားစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ယခုလို လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်း၍ စက်ချုပ်သင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ မုန့်အမျိုးမျိုး ပြုလုပ်သည့် သင်တန်းများကို နှစ်စဉ် တိုင်းဒေသကြီး ဘဏ္ဍာငွေဖြင့် သင်ကြားပေးလျက်ရှိကြောင်း ပြောကြား ခဲ့ပါသည်။

ထို့နောက် သင်တန်းသူ၊ သင်တန်းသားများ ကိုယ်စား သင်တန်းသူတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ပါသည်။

# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း သဘာဝဘေးအသိပညာပေးများပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည် (၉-၇-၂၀၂၆) ရက်မှ (၂၃-၇-၂၀၂၆)ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ တံတားဦးမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊အစည်းအဝေးခန်းမများတွင် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများဖြင့် ပြုလုပ်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်းသည့် အသိပညာ၊ ဗဟုသုတများရရှိစေရေးအတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သင်ခန်းစာပို့ချခြင်းအား ဆောင်ရွက်ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည်၂၀၂၆ခုနှစ်၊ ဇူလိုင်လတွင် ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ဒေါနခန်းမ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကရင်ပြည်နယ် ဖွံ့ဖြိုး ကြီးကြပ်ရေးမှူးရုံးတွင် ဌာနဆိုင်ရာဝန်ထမ်းများအား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည် (၉-၇-၂၀၂၆) ရက်မှ (၂၃-၇-၂၀၂၆)ရက်အတွင်းဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ အ.ထ.က (၁) ကျောင်း၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ဖျာပုံမြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် A(9)လမ်း၊ အခြေခံပညာမူလတန်းကျောင်း၊ပုသိမ်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ ပုသိမ်မြို့နယ်၊ အမျိုးသမီးအိမ်တွင်းမှု အတတ်ပညာ သင်တန်းကျောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မောရောခန်းမတွင် ဖွင့်လှစ်သည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ လပွတ္တာမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၌ ဆရာ/ ဆရာမများနှင့် ကျောင်းသား/ သူများ၊ သင်တန်းသားများအား သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်း စာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဥတ္တရခရိုင် ဦးစီးမှူးရုံးနှင့် နေပြည်တော်တိုင်းဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည် (၆-၇-၂၀၂၆) ရက်မှ (၁၀-၇-၂၀၂၆) ရက်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က-၃(ရွာတော်)၊ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က-၁၉ (လမ်းပျဉ်းမနား) ၌ ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက် လေ့ကျင့်ခန်းအား ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း Talk Show ပြုလုပ်ဆောင်ရွက်မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လပွတ္တာခရိုင် ဦးစီးမှူးရုံးနှင့် ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂-၇-၂၀၂၆) ရက်မှ (၁၀-၇-၂၀၂၆) ရက်အတွင်း ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ ဖျာပုံခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခန်းမတွင် ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ်ဆောင်ရွက်ခဲ့ပါသည်။




## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း သင်တန်းဖွင့်လှစ်မှုပြုလုပ်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ကယားပြည်နယ်၊ ဒေါ်ဥခူရပ်ကွက်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (စုပေါင်းရုံး) ၌ (၂၃-၇-၂၀၂၆) ရက်တွင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း၌ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ သင်တန်းသားများအား သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်းသည့် အသိပညာ၊ ဗဟုသုတများရရှိစေရေးအတွက် သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး သင်ခန်းစာပို့ချခြင်း အားသက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း မီးဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည် (၆-၇-၂၀၂၆) ရက်မှ(၁၆-၇-၂၀၂၆)ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ် (၁) ရပ်ကွက်၊ အမရပူရခရိုင်၊ အမရပူရ မြို့နယ်၊ တောတွင်ကျေးရွာအုပ်စု၊ ထုံးဘိုကျေးရွာ၌ မီးဘေးဖြစ်ပွား

ခဲ့မှုကြောင့် ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောတွင်ကျေးရွာအုပ်စု၊ ထုံးဘိုကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကပ်ခိုကျေးရွာအုပ်စု၊ နှင်းဆီကုန်းကျေးရွာ၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ရေဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁၃-၇-၂၀၂၆) ရက်မှ(၁၇-၇-၂၀၂၆)ရက်**အတွင်း**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရှောပြောကျေးရွာအုပ်စု၊ဝါးဘိုးကျေးရွာ၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ချောင်းသာမြို့နယ်၊ ကံကြီးအုပ်စု၊ ဆိပ်ကြီးရွာနှင့် ခြောက်ကောင် ကျေးရွာတို့၌ ရေဘေးဖြစ်ပွားခဲ့မှုကြောင့် ပြိုကျပျက်စီး လူနေအိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်၊ ဘေးသင့် လူဦးရေအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း လေပြင်းဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည် (၆-၇-၂၀၂၆) ရက်မှ (၉-၇-၂၀၂၆) ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ် (၁)ရပ်ကွက်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရွာတော်ကျေးရွာအုပ်စု၊ ရွာတော် (မြောက်) ကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ ယောက်သွားအင်းကျေးရွာနှင့် ရန်အောင် (၂) ရပ်ကွက်၊ နယ်မြေ (၄) တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်တို့ကို သွားရောက် ထောက်ပံ့ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည် (၆-၇-၂၀၂၆) ရက်မှ(၁၇-၇-၂၀၂၆)ရက်အတွင်းဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ သုံးဆက်အုပ်စု၊ သုံးဆက်ကျေးရွာ၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ ညောင်ဝိုင်းအုပ်စု၊ ဇီးကုန်းကျွန်းရွာနှင့် ပဲတခွဲအုပ်စု၊ ဝန်လိုသိုက်ရွာ၊ မအူပင်မြို့နယ်၊ ရေလဲကလေး ကျေးရွာအုပ်စု၊ ဖြတ္တပိုင်းကျေးရွာနှင့် သုံးခွကျေးရွာအုပ်စု၊ ဗရင်ဂျီစုကျေးရွာ၊ ပန်းတနော်မြို့နယ်၊ အင်းမအုပ်စု၊ တာပါတ်ကြီးကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ စေတ္တာ့တောင် ကျေးရွာအုပ်စု၊ စေတ္တာ့ရွာမကျေးရွာ၊ မအူပင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာ၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ သစ်ပုတ်ကုန်းကျေးရွာအုပ်စု၊ တိုက်ကြီးကုန်းကျေးရွာ၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ် (၁၂)

ရပ်ကွက်၊ ဘိုကလေးမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ကျိုက်ပါကျေးရွာ၊ ဓနုဖြူမြို့နယ်၊ နဲ့ကြီးကျေးရွာအုပ်စု၊ ဝါးရုံကောက်ကျေးရွာ၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ရွှေဖံအိုးအုပ်စု၊ ရေစမ်းကျေးရွာ၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ သဲဖြူအုပ်စု၊ ငါးဘတ်ချောင်းအုပ်စု၊ စာဖြူကုန်းကျေးရွာနှင့် နောကုန်းကျေးရွာ၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ အမှတ် (၁) ရပ်ကွက်၊ အမှတ် (၃) ရပ်ကွက်၊ သဘော့ကန်ကျေးရွာအုပ်စု၊ ကွန်းချောင်းကျေးရွာ၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ကွင်းချောင်းကျေးရွာ၌ လေပြင်းတိုက်ခတ်မှုများကြောင့် ပြိုကျပျက်စီးလူနေအိမ်များနှင့် တစ်စိတ် တစ်ပိုင်းပျက်စီး လူနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်၊ ဘေးသင့် လူဦးရေ များအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ကမ်းပြိုဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁၃-၇-၂၀၂၆) ရက်မှ(၂၀-၇-၂၀၂၆)ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ နန်းတော်ကျွန်းကျေးရွာအုပ်စု၊ နန်းတော်ကျွန်းကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအုပ်စု၊ ထုံးဝကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီးပန်းတနော်မြို့နယ်၊တောကျောင်းကျေးရွာအုပ်စု၊ နံ့ဂါတ်ကျေးရွာ၊ ကျိုက်လတ်မြို့နယ်၊ ဒါနချောင်းကျေးရွာအုပ်စု၊ ကျွန်းကလေးကျေးရွာနှင့် ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ ညောင်ဇောက်ကျေးရွာ၌ ကမ်းပါးပြိုမှုကြောင့် ကြိုတင်ပြောင်းရွှေ့လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်၊ ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်တို့ကို သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း မြေပြိုဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁၄-၇-၂၀၂၆) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ နဒီအောင်မြေရပ်ကွက်၌ မြေပြိုဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်၊ ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်တို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း တောဆင်ရိုင်းဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁၅-၇-၂၀၂၆) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ တောင်ကလေးအုပ်စု၊ ရှမ်းမမြောင်အုပ်စု၊ တောင်ကလေးကျေးရွာနှင့် ဝွေးကုန်းကျေးရွာတို့၌ တောဆင်ရိုင်းဝင်ရောက်မှုကြောင့် ပြိုကျပျက်စီးလူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်၊ ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(နမ့်လတ်)၌ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်း (နမ့်လတ်)၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားအား (၂၇-၇-၂၀၂၆) ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ညွှန်ကြားရေးမှူး၊ဒေါ်သိန်းသိန်းမြင့်က မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (နမ့်လတ်) စတင် ဖွင့်လှစ်ခဲ့သည့် ၂၀၁၉ ခုနှစ်မှ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းကို ၂၀၂၃ ခုနှစ်တွင် (၁) ကြိမ်၊ ၂၀၂၆ ခုနှစ်တွင် (၁)ကြိမ် စုစုပေါင်း (၂)ကြိမ် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် ရပ်ရွာလူထုအတွင်း မူးယစ်ဆေးဝါး ပြဿနာ များနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးစည်းရုံးဆောင်ရွက်နိုင်စေခြင်း၊ လူမှုအဖွဲ့အစည်းအတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွင်း တာဝန်ယူဆောင်ရွက်မည့်ပုဂ္ဂိုလ်များအား လေ့ကျင့်မွေးထုတ်ပေးနိုင်ခြင်း၊ လူငယ်များမူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်း တတ်လာစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် နောက်ဆက်တွဲစောင့်ရှောက်မှု လုပ်ငန်းများအတွက် အထောက်အကူများ၊ နည်းပညာများ ရှာဖွေဖော်ထုတ်နိုင်စေရန်အတွက် ရည်ရွယ်၍ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာသည် နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည့်အပြင် နိုင်ငံ၏ လူသားအရင်း အမြစ်ကိုပါ ဆုံးရှုံးစေပြီး ကျန်းမာသန်စွမ်းသည့် လူငယ်လူရွယ်များ မူးယစ်ဆေး၏ သားကောင် ဖြစ်နေသည်ကို ရင်နင့်ဖွယ်တွေ့မြင် နေရပါကြောင်း၊ မူးယစ်ဆေးဝါးနောက်ဆက်တွဲ အန္တရာယ်များကို ပြည်သူလူထုကိုယ်တိုင် နားလည်သဘောပေါက်မှ ရှောင်ရှားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။




ဆက်လက်၍ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (နမ့်လတ်) မှ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်

များ ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အရပ်ဘက်မိတ်ဖက်အဖွဲ့အစည်းများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (နမ့်လတ်) ရှိ အရာထမ်း၊ အမှုထမ်းများ၊ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း တက်ရောက်သည့် သင်တန်းသားများ စုစုပေါင်း (၄၅)ဦး တက်ရောက်ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(နမ့်လတ်)၌ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခြင်း




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင် ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (နမ့်လတ်)၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို (၃၁-၇-၂၀၂၆) ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ညွှန်ကြားရေးမှူး၊ဒေါ်သိန်းသိန်းမြင့်က မူးယစ်ဆေးသုံးစွဲသူများအနေဖြင့် မိမိတို့ကိုယ်တိုင် မူးယစ်နွံထဲမှ ရုန်းထွက်လိုသော်လည်း မူးယစ်ဆေး ဖြတ်ပြီးနောက်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ကုသမှုများကိုသာ ဆောင်ရွက်ပြီး စိတ်ပိုင်းဆိုင်ရာကုသမှု မပြုလုပ်သည့်အတွက် ယခင်အသိုင်းအဝန်းနှင့် ပြန်လည်တွေ့ဆုံပါက မူးယစ်ဆေးဝါးကို ထပ်မံသုံးစွဲသည့်အဆင့်သို့ ရောက်ရှိသွားသည်ကို မကြာခဏ တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ကာ သင်တန်းသားများအား စိတ်ပိုင်း/ရုပ်ပိုင်း ပြန်လည်ထူထောင်မှုပေးခြင်းများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ မူးယစ်ဆေးဖြတ် လိုသူများအနေဖြင့် မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်မှုခံယူပြီးပါကလည်း နောက်ဆက်တွဲစောင့်ရှောက်မှုခံယူရန်လိုအပ်ပါကြောင်း၊ ယခုကဲ့သို့သောစေတနာ့ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူး သင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများမှတစ်ဆင့် ပြန်လည်ထူထောင်ရေး သင်တန်းဆင်းသင်တန်းသားများအား နောက်ဆက်တွဲ စောင့်ရှောက်မှုပေးခြင်း၊ မိမိတို့၏ ရပ်ရွာဝန်းကျင်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ရေးနှင့် သုံးစွဲမှုပပျောက်စေရေး အတွက် မူးယစ်ဆေးဖြတ်လုပ်ငန်းစဉ်များအား အသိပညာမျှဝေပေးနိုင်ခြင်းဖြင့် မိမိတို့၏ ရပ်ရွာမှစ၍ နိုင်ငံတစ်ဝန်း မူးယစ်အန္တရာယ်ကင်းစင်အောင် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း (နမ့်လတ်)မှ လက်ထောက်ညွှန်ကြားရေးမှူးကစေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်း (၁/၂၀၂၆) သင်တန်းဆင်းသင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး အဆိုပါ သင်တန်း ဆင်းပွဲအခမ်းအနားသို့ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အရပ်ဘက်မိတ်ဖက်အဖွဲ့အစည်းများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်း (နမ့်လတ်) ရှိ အရာထမ်း၊ အမှုထမ်းများ၊ စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ်ရေးမှူးသင်တန်း တက်ရောက်သည့် သင်တန်းသားများ စုစုပေါင်း (၄၀)ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်း အနားကို ရုပ်သိမ်းခဲ့ပါသည်။

# မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(နေပြည်တော်) ဖွင့်ပွဲအခမ်းအနား ကျင်းပ



**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်** **နေပြည်တော်**

မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းကျောင်းအခြေပြု စောင့်ရှောက်ခြင်း လုပ်ငန်းတစ်ရပ် အနေဖြင့် မသန်စွမ်းသက်ငယ် သင်တန်းကျောင်း (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ၂၇-၇-၂၀၂၆ ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်ရှိ အဆိုပါကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ နှင့်တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများအနေဖြင့် လူမှုအသိုက်အဝန်းအတွင်း အမှီအခိုကင်းစွာ ရပ်တည်နေထိုင်စေရေးနှင့် ၎င်းတို့၏ ဘဝဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးတို့ကို ရည်ရွယ်၍ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (၂) ကျောင်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့၌ ဖွင့်လှစ်ထားပါကြောင်း၊ ယခု ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဖွင့်လှစ်သည့်ကျောင်းသည် တတိယမြောက်ကျောင်းဖြစ်ပြီးအထူးလိုအပ်ချက်ရှိသည့် မသန်စွမ်းကလေးများနှင့် ကိုယ်အင်္ဂါမသန်စွမ်းကလေးများအားအထူးပညာရေးစနစ်ဖြင့်လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (နေပြည်တော်)တွင် အသက်(၆)နှစ်မှ (၁၈)နှစ်ထိမသန်စွမ်းကလေးများအားဖွံ့ဖြိုးမှုနယ်ပယ်(၅)ရပ်ဖြစ်သောရုပ်ပိုင်းဆိုင်ရာ၊သိမှုပိုင်းဆိုင်ရာ၊ဘာသာစကားဆိုင်ရာ၊စိတ်ပိုင်းဆိုင်ရာနှင့်လူမှုဆက်ဆံရေးဆိုင်ရာဖွံ့ဖြိုးမှုများရရှိစေရေးလေ့ကျင့်သင်ကြားပေးခြင်း၊နေ့စဉ်လုပ်ငန်းဆောင်တာ များ ကိုယ်တိုင်လုပ်ဆောင်နိုင်ရေး (Activities of Daily Living-ADL)အတွက်လေ့ကျင့်သင်ကြားပေးခြင်းနှင့် အထူးပညာရေး (Special Education) စနစ်ဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊တာဝန်ယူဆောင်ရွက်မည့် ဝန်ထမ်းများအနေဖြင့်လည်း စေတနာ၊ အကြင်နာ၊ ဝါသနာ၊ ကရုဏာ၊ အနစ်နာတို့ဖြင့် မသန်စွမ်းကလေးများကို မိမိတို့၏ သားသမီးများကဲ့သို့ နွေးထွေးစွာပြုစု စောင့်ရှောက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မသန်စွမ်းကလေးများ၏ သင်ယူနေမှုများ၊ လှုပ်ရှားဆောင်ရွက်မှုများ လှည့်လည်ကြည့်ရှုပြီး မသန်စွမ်းကျောင်းသား၊ ကျောင်းသူများကို လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပါသည်။